# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၄**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ မန္တလေးတပ်နယ်မှ တပ်နယ်မှူးနှင့် စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ဇန်နဝါရီ ၂၅ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် မြို့နယ် (၈)မြို့နယ် ပါဝင်ပြီး နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပါဝင်မဲပေးနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများ စိတ်ချမ်းသာစွာ လွယ်ကူချောမွေ့စွာဖြင့် မဲပေးနိုင်ရေး ထိရောက်စွာကူညီဆောင်ရွက်ပေးသွားနိုင်ရန်၊ အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အပိုင်း(၁)နှင့်အပိုင်း(၂)တို့မှ အတွေ့အကြုံများကို ပြန်လည်သုံးသပ်၍ အပိုင်း(၃)တွင် ပိုမိုကောင်းမွန်အောင် တိုးမြှင့်လုပ်ဆောင်သွားကြရန်၊ မဲရုံများ၌ တာဝန်ထမ်းဆောင်နေသူများအား ထိရောက်သည့် လုပ်ဆောင်မှုမျိုး ပေးနိုင်သည်အထိ ဆောင်ရွက်သွားရန်တို့ကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုံခြုံအေးချမ်းစွာဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ဗဟိုကော်မတီ၏ လမ်းညွှန်မှာကြားချက်များကို အလေးထားလိုက်နာကာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ပေါင်းစပ်ပြီး လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အပိုင်း(၁)နှင့်အပိုင်း(၂) အောင်မြင်စွာကျင်းပပြီးစီးခဲ့မှုနှင့် အတွေ့အကြုံများအပေါ် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားနိုင်ရန် အကြံပြုတင်ပြဆွေးနွေးမှုများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)၌ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်(၈)မြို့နယ် ပါဝင်ပြီး မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၆၃၄၃၃၉ ဦးအတွက် မဲရုံပေါင်း (၅၅၆)ရုံကို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



## သမဝါယမကောလိပ်(မန္တလေး) မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**ပုသိမ်ကြီး ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးတို့သည် ယနေ့နံနက် ၉ နာရီက အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေရှိ သမဝါယမကောလိပ်(မန္တလေး) မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

ဦးစွာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးများက ပညာရည်ချွန်ဆု ရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီးနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချီးမြှင့်ထောက်ပံ့ငွေနှင့် ဆန်အိတ်များ ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ကြီး ဒေါက်တာတင်မူအေးက လက်ခံရယူ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အစီအစဉ်အရ သမဝါယမကောလိပ်(မန္တလေး)ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ဝန်ကြီးများနှင့်အတူ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး ပျော်ပွဲရွှင်ပွဲ ဈေးရောင်းပွဲတော်ကိုလည်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(ဝဇ၅)**

## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**မကွေး ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊မကွေးမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဒေသခံပြည်သူများမှ တောင်းဆိုထားသည့်ကျေးလက်လမ်း၊ တံတားများကို Quick Win အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စု(အထွေထွေပိုလျှံ)ရန်ပုံငွေကျပ်သန်း (၃၀၀ ဒသမ ဝဝ)အသုံးပြု၍ မြို့ရှောင်လမ်းမှ အလယ်ချောင်း-သဖန်းဆိပ်လမ်း မိုင်တိုင်(၀/၆-၀/၇)ကြား ကွန်ကရစ်ရေကျော် ပေ ၂၀၀ တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးညွှန်ကြားရေးမှူး(မြို့ပြ)ဦးဝင်းမိုးထိုက်၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးစိုးမင်းထွန်းတို့သည် ယနေ့နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မကွေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)တို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းတင်ပြခဲ့ပြီးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)က လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ ရေကျော်သည် အလျားပေ ၂၀၀၊ ယာဉ်သွားလမ်းအကျယ်ပေ ၂၀၊ Up Stream ဘက်ခြမ်း ၈ ပေ၊ Down Stream ဘက်ခြမ်း ၁၄ ပေ၊ ကွန်ကရစ်လမ်းသား ထု ၉ လက်မဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်း၏ (၉၀ ရာခိုင်နှုန်း)ဆောင်ရွက်ပြီးဖြစ်ကာလုပ်ငန်းများအားလုံးဆောင်ရွက်ပြီးစီးပါက ကျေးရွာသုံးရွာ၊ အိမ်ခြေ ၆၆၀၊ လူဦးရေ ၂၇၆၃ ဦးတို့အနေဖြင့် ဧရာဝတီမြစ်ရေ မြင့်တက်ချိန်နှင့် တောင်ကျချောင်းရေ ကျဆင်းချိန်တွင် ကြုံတွေ့ခံစားရလေ့ရှိသောလမ်းပန်းဆက်သွယ်မှုပြတ်တောက်ခြင်းဘေးမှကင်းဝေးပြီး လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်သည့် အကျိုးကျေးဇူးများဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**



